www.burmeseclassic.com



"မင်း ... ဘာမှ အားငယ်စရာ စိုးရွံ့စရာမရှိဘူး။ ဒါပေမဲ့ ငါ့စကားကိုတော့ နားထောင်ရမယ်။ မင်းက ငါ့မောင်လေးဆိုတာတော့ မမေ့အောင်မှတ်ထား"

ပိုင်ပိုင်နိုင်နိုင်ပြောချေ၏။

"ဟုတ်ကဲ့ပါ မမ"

ထိန်လင်းပြန်အဖြေမှာ အကြည့်ချင်းဆုံသွားပြန်သည်။

ရင်ထဲကို လေပွေတစ်ချက်ဝင်မွှေပြန်လေ၏။

✿ ✿ ✿

## [ ၉ ]

ရုပ်ရည်မှာ ညက်နုလှပသည်ဟု မဆိုသာသော်လည်း မပြင်မဆင်မခြယ်မသ ပကတိအတိုင်း သဘာဝအလှနှင့် ကြူကြူမှာ ဖူးပွင့်စအရိုင်းပန်းကလေးနှင့်တူသည်။ ကျန်းမာရေးကောင်းသူပီပီ ကိုယ်လုံးကိုယ်ထည်က တစ်တစ်ရစ်ရစ်လှလှပပ ရှိသည်ဟု ဆိုရမည်။

မျက်နှာက ပကတိ ရိုးစင်း၏။ မျက်လုံးတွေမှာ မာယာ၊ ဟန်ဆောင်မှု၊ စိုးစဉ်းမျှမထင်။

"ကဲ ... အဖြစ်အပျက်ကို မမရှားကို သေသေချာချာပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com

| ၂၇ |

❑

တခေါ်ခေါ်မိုးက အိုးကို သွန်မှောက်ချနေသည့်ပမာ။ လေကလည်း တဝုန်းဝုန်းပါသေး၏။ လျှပ်စီးတွေက တဝင်းဝင်းနှင့် မိုးချုန်းသံက တကျိမ်းကျိမ်း တဂျွမ်းဂျွမ်းကြားမှာ မိုးကြိုးပစ်သံကပါ ဆင့်လောင်းလာပြန်တော့ အခန်းထဲမှာနေရသည့် ဖူးမွံ့ အိပ်မရတော့။

ငယ်စဉ်က ဖူးမွံ့မှာ အတွေ့အကြုံတစ်ခုရှိခဲ့သည်။ မိုးကြီးလေကြီးကျနေသောညမှာ မိမိတို့နေသောအိမ်ပေါ်သို့ ခြေရင်းမှ ကုက္ကိုပင်ကြီး ပြိုလဲကျခဲ့သည့်အဖြစ်။

အိမ်ပေါ်နေသူတွေ အသက်အန္တရာယ် မတွေ့ကြုံခဲ့ရသော်လည်း ဖူးမွံ့အကြောက်လွန်၍ သတိလစ်ခဲ့ရဖူးသည်။

ထို့ကြောင့် စိတ်က မိုးသည်းသောညတိုင်း ဖူးမွံ့ကို ခြောက်လှန့်တတ်မြဲဖြစ်ခဲ့သည်။





ယခုညလည်း မိုးကြီးလေကြီးက ကျပြန်ပြီ။

နေရသည့်တိုက်ကြီးမှာ အန္တရာယ်နှင့်ကင်းလျက် လုံခြုံမှုရှိနေသည့်တိုင် ဖူးမွံ့စိတ်ထဲမှာ ကြောက်စိတ်က မည်သို့မျှ အားတင်း၍မရ။

မှန်ပြတင်းမှ ဖြတ်၍မြင်နေရသော သစ်ပင်တွေ လေတိုက်၍ ယိမ်းထိုးနေသည်မှာ တစ္ဆေသရဲတွေပမာ။

မိုးကြိုးပစ်သံနှင့် မိုးခြိမ်းသံက အသည်းတုန်အူတုန်စရာ။

ဖူးမွံ့အိပ်ရာမှ ထလိုက်ရ၏။

အားပြုပေးမည့် အဖော်တစ်ဦးဦးရှိမှ ဖြစ်ပေတော့မည်။ လူက တဆတ်ဆတ်တုန်ကာ ရင်တွေခုန်နေသည်က ပေါက်ကွဲတော့မည်လားဟု ထင်ရသည်။

"မောင်ထိန်ကို ခေါ်မှပဲ"

ထိုအချိန်တွင် ထိန်လင်းတစ်ယောက်မှာလည်း စာဖတ်ရင်းမှ တိုက်ကြီးဆီသို့ မျှော်ကြည့်နေသည်။

ဖူးမွံ့၏အခန်းမှ မီးရောင်ကို မြင်ရ၏။ သရာကြီးက မမဖူးမွံ့ကို အဖော်ပြုပေးဖို့ မှာထားခဲ့သဖြင့် ထိန်လင်း မမဖူးမွံ့ထံသွားကာ ကြောက်ရန် အားပေးအဖော်ပြုသင့်သည်မှာ မှန်ပါ၏။

သို့သော် ...

ထိန်လင်းမျက်ဝန်းမှာ မြင်နေရသည်က သရက်ကိုင်းတက်ခုတ်သည့်နေ့က မြင်ခဲ့ရသည့် ရေးချိုးနေသော မမဖူးမွံ့၏ ပကတိအရှိအလှ။

မျက်စိထဲကမထွက်သည့် ထိုအလှကြောင့် ရင်တွေမှာ အာခေါင်တွေခြောက်ကာ နေမရထိုင်မရ ဖြစ်ခဲ့ရသည်မှာ မိမိဘာသာအသိ။

ယင်းကို တပ်မက်မှုဟု ခေါ်မလား။



www.burmeseclassic.com

www.burmeseclassic.com

❑

"ဆရာဝန်ကြီးပြောတဲ့အတိုင်းဆိုရင် ဦးကံ့လုံဟာ ကြောက်စရာကောင်းတဲ့ အကွင်းစိတ်ဝေဒနာ ရှိနေတာပေါ့နော်"

"ဟုတ်တယ် ကိုကို။ ဒီအတွက် မြမာလာပျောက်မှုဟာ ပိုပြီး သံသယဝင်စရာကောင်းလာတယ်။ သူ့ ဒီရောဂါဖြစ်နေတာ မြမာလာ ပျောက်မသွားခင်ကတည်းကပဲ။ မြမာလာပျောက်သွားတာက လွန်ခဲ့တဲ့ ငါးနှစ်။ ဆရာဝန်ကြီးဆီကို ပထမအကြိမ်ရောက်လာမှုတာက လွန်ခဲ့တဲ့ ခြောက်နှစ်ကျော် ခုနစ်နှစ်ကလေ"

"မြမာလာရဲ့အစ်မကို ဘယ်လိုရှာတွေ့လဲ"

"အဲဒါက ရဲအရာရှိဦးအောင်မြင့်ကို အကူအညီတောင်းရတာ ဦးအောင်မြင့်က ကောင်းကောင်းမှတ်မိနေတဲ့အမှုမို့ သူ့ဆီကိုလာသွားတဲ့ မြမာလာရဲ့အစ်မ မြသီတာကို လမ်းညွှန်နိုင်ခဲ့တာ"

"မြသီတာက ဘာပြောလဲ"

✿ ✿ ✿

❑

"ကိုယ့်ညီမမို့ ကိုယ်လိမ်ညာပြောတာမဟုတ်ပါဘူး ညီမရယ်။ မြမာလာနဲ့မမက တစ်ဦးကိုတစ်ဦး မဖုံးမကွယ်တမ်း ကိုယ့်ကိစ္စကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတိုင်ပင်လေ့ရှိကြတဲ့ သူတွေပါ။ ဒရိုင်ဘာမောင်လှကို အလုပ်ထုတ်ချိန်က မြမာလာနဲ့အထင်လွဲတဲ့ကိစ္စကို မမက မြမာလာကိုမေးခဲ့တယ်။ မြမာလာက လုံးဝဖောက်ပြန်မှုမရှိကြောင်း သစ္စာဆိုခဲ့ပြီး ပြောခဲ့တယ်။

ဦးကံ့လုံဟာ မြမာလာထက် အသက်အများကြီး ကြီးတယ်လေ။ သူ့မိန်းမကို စိတ်မချတာရယ်၊ ဒရိုင်ဘာမောင်လှနဲ့ မြမာလာက ရွယ်တူဖြစ်နေတာရယ်၊ မောင်လှက နောက်နောက်ပြောင်ပြောင်နေတတ်လို့ မြမာလာနဲ့ ခင်နေတာရယ်၊ မြမာလာက မောင်လှကို ဒရိုင်ဘာပဲရယ်လို့ နှိမ့်ချမဆက်ဆံဘဲ ရင်းရင်းနှီးနှီးဆက်ဆံတာရယ်။ အဲဒါတွေကြောင့် ဦးကံ့လုံက သံသယပွားပြီး ပြဿနာဖြစ်ခဲ့တာပဲ"

"ဒါဆို မောင်လှကို အလုပ်ထုတ်ပြီးနောက်ပိုင်း မြမာလာနဲ့ ဦးကံ့လုံ ပြဿနာထပ်မဖြစ်ဘဲ ဆက်လက်ပေါင်းသင်းနေခဲ့တယ်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

## [ ၂၉ ]

❑

"ရှားရေ ... အရေးကြီးတာတစ်ခု ပြောမလို့"

ဖုန်းကိုကိုင်လိုက်သည်နှင့် ကိုကို ကိုနေသော့်အသံက တိုးဝင်လာ၏။ ဘာများပါလိမ့်။ မေစံရှား စိတ်ဝင်စားသွားသည်။

"ပြော ... ကိုကို၊ ဘာအရေးကြီးတာလဲ။ ဦးကုံလုံအကြောင်းလား၊ ဦးပြည့်စုံရဲ့ အကြောင်းလား၊ မြသီတာအကြောင်းလား"

"တစ်ခုမှမဟုတ်ဘူး"

"ဟင် ..."

"ကိုကို့သူငယ်ချင်း အင်ဂျင်နီယာတစ်ယောက်က သူတာဝန်ယူဆောက်လုပ်တဲ့ အိမ်ရာတစ်ခုမှာ သူယူထားတဲ့အခန်းတစ်ခု ပြန်ရောင်းချင်လို့တဲ့။ အဲဒါ ကိုကိုနဲ့ရှား လက်ထပ်ပြီးရင် အတူနေရအောင် ယူထားမလားလို့"





မေစံရှား ဟက်ဟက်ပက်ပက် ရယ်မိပါလေသည်။

"ကိုကိုကတော့လေ"

"မရယ်နဲ့ ရှား။ ကိုကို့အဖို့ အရေးကြီးဆုံးက ရှားပဲ"

"ယုံပါတယ် ကိုကိုရယ်"

"ကဲ ... ယုံရင်ပြော၊ ယူမလား။ ရှားနဲ့ကိုကို သွားကြည့်ရအောင်။ အခန်းဖွဲ့စည်းပုံ၊ အကျယ်အဝန်းရော၊ တည်နေရာရော ကိုကိုကတော့ သဘောကျတယ်။ ပြီးတော့ သူငယ်ချင်းမို့ တချို့တစ်ဝက် ကြွေးချန်ထားလို့ရတယ်"

တကယ့်ကို အမှန်အကန်စိတ်ဝင်တစား ထက်သန်စွာ ပြောနေသော ချစ်သူ၏ အဆိုပြုမှုကို လွယ်လွယ်ကူကူ ပယ်မချရက်တော့ပါ။ သူ့ဘက်က အလေးအနက်ထားနေသည်ကို မိမိဘက်ကလည်း တုံ့ပြန်ရမည်လေ။

"ကောင်းသားပဲ ကိုကို။ ကိုကိုလာခေါ်မလား။ သွားကြည့်တာပေါ့"

"အိုကေ ..."

မြူးကြွနေသည့် ကိုနေသော့်အသံမှာ မှန့်ရသည့်ကလေးပမာ။

မကြာလိုက်ပါ။

ကိုကို ရုံးခန်းထဲရောက်လာသည်။

"ဟင် ... မြန်လှချည်လား"

"မြန်ဆို တက္ကစီငှားလာတာကိုး။ အောက်မှာ ကားကိုစောင့်ခိုင်းထားတယ်။ ရုံးခန်းတံခါးပိတ် သွားကြရအောင်"

သည်မျှတက်ကြွနေသော ကိုနေသော့်အလိုကို မေစံရှားမလိုက်သဲ့ အဘယ်မှာ နေ၍ရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

[ ၃၄ ]

❑

နေ့လား ညလားလည်း ထိန်လင်းမသိ။

အလုံပိတ်မြေအောက်ခန်းထဲမှာမို့ အပြင်က အလင်းရောင်ကိုမရ။ ဖွင့်ပေးထားသော မီးလုံးအရောင်ကလေးဖြင့် နေနေရသည်။ ထို့ကြောင့် ဤအခန်းထဲတွင် မိမိရောက်နေသည်မှာ မည်မျှကြာသွားပြီလည်း မသိနိုင်။

ဤအခန်းထဲမှာတော့ အရိုးစုနှစ်စု။

ပုပ်ပွစပြုနေသည့် အလောင်းတစ်လောင်း။

မိမိ။

မကြာမီတွင် ဤအရိုးစုများနှယ် ဤအလောင်းနှယ် မိမိရောက်ရှိမည်ကောန်။





သည်အတိုင်းမနေနိုင်၍ ထွက်ပြေးလွတ်မြောက်ဖို့ လမ်းစကို ရှာကြည့်မိ၏။

နံရံတွေမှာ ထွက်ပေါက်ရနိုင်မလား ကြည့်တော့လည်း ဘာမှမမြင်။

မြေအောက်ခန်းသို့ဆင်းရာ တံခါးကို ဖွင့်ဖို့ကြိုးစားတော့လည်း အချည်းနှီး။

အပြင်က ကယ်တင်မည့်သူ ကြားလိုကြားငြား အသံကုန်အော်လည်း လည်ချောင်းသာနာ၏။ အရာမထင်။

ကြမ်းပြင်မှာ ခြေပစ်လက်ပစ်ထိုင်ချပြီး လက်လျော့လိုက်မိပြန်တော့ လောလောလတ်လတ်ဒုက္ခများက မိမိကို နှိပ်စက်ပြန်၏။

ပထမဆုံးက သေရမှာကို ကြောက်သည့်ဒုက္ခ။

မိမိမသေချင်သေး။ ယခုမှ အသက် ၂၀။ မိမိဖြတ်သန်းရမည့်ဘဝက အရှည်အလျားကျန်နေသေးသည်။ မိမိချစ်ခင်မည့်သူကိုလည်း မခွဲခွာချင်သေး။

"ဒါ သမုဒယပဲကွ။ သမုဒယရှိနေလို့ ဒုက္ခရှိရတာ။ အကြောင်းတစ်လွှာကြောင့် အကျိုးတစ်လွှာဖြစ်ရတာလေ"

ဆရာတော်၏အသံကို ကြားသယောင် ထင်လိုက်ရ၏။

ဒုတိယက အလုံပိတ်အခန်းထဲမှာနေရခြင်းကို ကြောက်သည့်ကိစ္စ။ ငယ်စဉ်က ဆရာတော်၏ကျောင်းတွင်ရှိစဉ် ကျက်သရေခန်း၌ ကျောင်းသားကြီးများ၏ နောက်ပြောင်ပိတ်လှောင်ခြင်း ခံရဖူးသည်။ ထိုစဉ်ကတည်းက အလုံပိတ်အခန်း၌နေရခြင်းကို ကြောက်တတ်ခဲ့သည်။ ယခုမိမိကြောက်တတ်သော အလုံပိတ်မြေအောက်ခန်း၌ မိမိရောက်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကိုဆိုလိုချင်တာလဲ"

"အခြားတစ်ယောက်ယောက်ကများ ဖူးမွံ့တို့ကို အန္တရာယ်ပေးတာများ ဖြစ်နေမလားလို့ပါ"

"မဖြစ်နိုင်ပါဘူး။ သူတို့လိုက်ပြေးတာ သေချာပါတယ်။ ကဲ ကျုပ်လည်း စိတ်တွေထွေပြီး ညစ်နေပြီဗျာ။ ဘာစကားမှ မပြောချင်တော့ဘူး။ ပြန်ကြတော့။ ဦးမင်းကျော် ဒီအကြောင်းတွေ ကျုပ်ဆီ ဘယ်တော့မှလာမမေးနဲ့။ ခင်ဗျားမျက်နှာကိုလည်း ကျုပ်မမြင်ချင်တော့ဘူး"

ဦးကံ့လုံက စကားကိုဖြတ်၍ ဒေါနှင့်မောနှင့်ပြောကာ တိုက်ထဲသို့ ပြန်လှည့်ဝင်သွားသည်။

ဦးမင်းကျော်က မေစံရှားနားတိုးကပ်ကာ ...

"တူမရေ .. ဘယ်လိုလုပ်ကြမလဲ"

တိုးတိုးမေးသည်။

"လောလောဆယ်တော့ ပြန်ကြရုံပဲရှိတာပေါ့။ လုပ်စရာတွေကတော့ အများကြီးဖြစ်လာပြီ။ သူ့အိမ်ထဲမှာလည်း လက်ခံချင်ပုံမရှိတော့ ဘာတတ်နိုင်မှာလဲ။ ရှားတို့ ရုံးခန်းပြန်ပြီး အစီအစဉ်ဆွဲကြတာပေါ့"

မေစံရှားကလည်း တိုးတိုးပြန်ပြောသည်။

ဦးကံ့လုံက တိုက်ရှေ့မှ တစ်ချက်လှမ်း၍ ကြည့်သည်ကို သတိပြုမိလိုက်ကြပြီး မေစံရှားတို့ ပြန်ထွက်ခဲ့ကြသည်။

"ကိုကို ... ဦးကံ့လုံနဲ့တိုက်ကို သေသေချာချာမှတ်မိအောင် ကြည့်ထားခဲ့နော်"

✿ ✿ ✿

[ ၃၆ ]

❑

ရုံးခန်းသို့ ပြန်ရောက်သောအခါ ပထမဆုံး မေစံရှားလုပ်ရသည်မှာ ရဲအုပ်သီဟထံသို့ ဖုန်းဆက်ခြင်းဖြစ်သည်။

ရဲအုပ်သီဟက မေစံရှားပြောပြချက်များကို နားထောင်ပြီး ...

"ဟုတ်တယ်ဟ။ ဦးကံ့လုံက စခန်းမှာ အမှုလာဖွင့်သွားပြီ" ဟုပြန်ဖြေသည်။

"နင် ဘယ်လိုယူဆလဲ"

"ဟိုတစ်နေ့က နင်ပြောသလို ဦးကံ့လုံက သူ့ဇနီးဟောင်း မြသီတာနဲ့ မောင်လှပုံစံမျိုးထပ်ပြီး ဖန်တီးတာပဲလို့ ယူဆတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းကိုယ်တိုင်မှာမူ အာဟာရနှင့်ရေ ပြတ်လပ်သဖြင့် ဆာလောင်မွတ်သိပ်မှုက တရားလွန်ဖြစ်ခဲ့၏။ သို့သော် ဆာလောင်မွတ်သိပ်မှုကို ဖြည့်တင်းစရာ ဘာမှမရှိ။ ကြာတော့ အားပြတ်လာသည်။ ယခုတော့ လူတစ်ကိုယ်လုံးနုံးခွေကာ မလှုပ်နိုင်မရှားနိုင်ဖြစ်နေပြီ။

မကြာမီကာလအတွင်း မမဖူးမွံ့လိုပင် အသေဆိုးနှင့် သေရတော့မည်။ အချိန်ကာလ မည်သို့မျှမကြာတော့။

သည်တော့ ဒုက္ခလည်း ပီပီပြင်ပြင်။

မမဖူးမွံ့သည်လည်း သူမ၏အလှတရားတို့ကို အကြောင်းပြု၍ ဈေးသည်ဘဝမှ သူဌေးကတော် ဖြစ်လာခဲ့ရ၏။ ထိုအလှတရားကြောင့်ပင် ဖောက်ပြန်မှုတွေဖြစ်ကာ ဘဝဆုံးခဲ့ရ၏။ ယခုတော့ သူမ၏အလှတရားက ဘယ်မှာမှမရှိပြီ။ အလှတရားကလည်း အစိုးမရ။ စည်းစိမ်ချမ်းသာလည်း အစိုးမရ။

ထို့ကြောင့် အနတ္တကလည်း ပီပီပြင်ပြင်။

ထိန်လင်းသည် အားအင်ပြတ်လပ်မှုကြောင့် နားတွေအူကာ လေတွေထွက်ကာ နုံးခွေမှုးနောက်ကာဖြင့် လဲပြိုကျတော့မည် အနေအထားမျိုးများကြားမှ ရရှိလာသော အသိတရားနှင့် သတိကို စုစည်းကာ နောက်ဆုံးကျန်ရှိသော အချိန်ကလေးအတွင်း တရားကိုအရယူ၍ အရှုံးကို အမြတ်ဖြစ်အောင်လုပ်ရမည်ဟု ဆုံးဖြတ်နိုင်ခဲ့ပြီ။

ထို့ကြောင့် မမဖူးမွံ့၏အလောင်းရှေ့မှာ တင်ပျဉ်ခွေထိုင်၊ ပေါင်ပေါ်လက်ယှက်တင်၊ မျက်စိကိုမှိတ်လျက် ထွက်သက်ဝင်သက်ကို သတိကပ်၍ ထားလိုက်သည်။ အာနာပါန။

နှာသီးဖျားအား လေအဝင်အထွက်တိုးထိသည်ကို အာရုံပြုလျက် စိတ်က တည်ငြိမ်လာပြီးနောက် သမာဓိကို ထူထောင်ရသည်၊





စက္ကန့်၊ မိနစ်မှ နာရီပိုင်းကို ကူးလာတော့ မိမိ၏ခန္ဓာကိုယ်က နာကျင်ကိုက်ခဲ မောဟိုက်လာသည်။ ဒုက္ခက ပြလာသည်။ သို့သော် ဖွဲ့ကိုမလျော့နိုင်တော့။ သေဖို့ရာ သေချာနေသော လူတစ်ယောက်အဖို့ လက်လျော့စရာလည်း အကြောင်းမရှိတော့။

ထို့ကြောင့် ခန္ဓာကိုယ်၏ဖြစ်ပျက်တွေကို ဆက်၍ရှုမှတ်သည်။

တလှုပ်လှုပ်တရွရွ ဖြစ်ပျက်နေသည်များကို ထင်သာမြင်သာဖြစ်လာ၏။ ဝေဒနာမှတစ်ဆင့် တရားသဘောကို ရေးရေးမျှမြင်လာ၏။

မဝေးတော့ပြီ ...။

တရားသည် မဝေးတော့ပြီ။

ထို့အတူ မိမိအသက်သည်လည်း ဆက်လက်တည်ရှိမည့်အနေအထားမှ ကွယ်ပျောက်ခြင်းအနေအထားသို့ ကူးပြောင်းဖို့ မဝေးတော့ပြီ။

✿ ✿ ✿

www.burmeseclassic.com

